# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 13 , 2023 Volume 73, Number 8


၁၃.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၈ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၅၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူဝင်းက ပြောပြ၍သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၅၃,၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈,၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်" ဟု ဒေါ်ကြူကြူဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်အမျိုးအစားသည် ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်စသည့် ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ငါးခြောက်တစ်ပိဿာချင်း ဈေးနှုန်းများမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈,၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၄၉,၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅,၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၂,၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ပြည်တွင်းဈေးကွက် လိုအပ်ချက်ဖြည့်တင်းရန် မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲစင်းငုံများကို အိန္ဒိယဝယ်ယူမည်

ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံနှင့်မတ်ပဲအထွက်နည်းပြီး ၎င်းပဲနှစ်မျိုးစလုံး ဈေးနှုန်းမြင့်တက်နေသည့်အတွက် ပြည်ပမှ ပဲစင်းငုံနှင့်မတ်ပဲများကို တင်သွင်းပြီး ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်တင်းမည်ဟုသိရသည်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm



အိန္ဒိယအစိုးရသည် ဈေးနှုန်းမြင့်တက်နေသည်ကို ထိန်းချုပ်ရန်နှင့် ပြည်တွင်းဈေးကွက်တွင် လုံလောက်စွာရရှိနိုင်စေရန် မြန်မာနိုင်ငံမှ ပဲစင်းငုံ တန်ချိန် (၄) သိန်းနှင့် မတ်ပဲတန်ချိန် (၁) သန်းခန့် တင်သွင်းရန် စီစဉ်လျက်ရှိသည်။

ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများ မြင့်မားနေသဖြင့် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ ပဲစင်းငုံနှင့်မတ်ပဲတန်ချိန် (၄) သိန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမအသုတ်တင်သွင်းရန် အစီအစဉ်ရေးဆွဲထားသည်။

The Economic Times သတင်းအရ အိန္ဒိယအစိုးရသည် ရိတ်သိမ်းဆဲကာလတွင် ပဲစင်းငုံနှင့်မတ်ပဲတို့ကို ထပ်မံတင်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် ထုတ်လုပ်မှုနည်းပါးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများကို ထိန်းချုပ်ရန်ကြိုးပမ်းရာတွင် ရည်ရွယ်ချက်ရှိရှိဖြင့်လျှောင်ထားပြီး ဈေးကစားကြခြင်းကို တားဆီးရန် အစိုးရကသိုလှောင်မှုပမာဏကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ ဒီဇင်ဘာလကုန်အထိ အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားသည်။

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံနှင့်မတ်ပဲနည်းတူ အခြားစိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ဂျုံ၊ ဆန်၊ ကြက်သွန်နီဈေးနှုန်းများလည်း မြင့်တက်နေကြောင်းသိရသည်။

**Source : Economic Times**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7290-india-will-buy-mung-beans-and-cowpeas-from-myanmar.html

## ကမ္ဘောဒီးယားနိုင်ငံသည် အီရတ်နိုင်ငံသို့ ဆန်ဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းလျက်ရှိ

ကမ္ဘောဒီးယားနိုင်ငံအတွက် အကြီးဆုံးဆန်ဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူတို့အပြင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်အီရတ်နိုင်ငံများသည်လည်း ပစ်မှတ်ထားရမည့် အလားအလာရှိသော ဈေးကွက်များအဖြစ် ပေါ်ထွက်လာကြောင်းသိရှိရသည်။ ကမ္ဘာ့ဆန်အများဆုံးတင်သွင်းသည့်နိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ အီးယူ၊ အီရတ်၊ နိုင်ဂျီးရီးယားနှင့်အင်ဒိုနီးရှားတို့ဖြစ်ပြီး ဗီယက်နမ်နိုင်ငံသည် သတ္တမမြောက်နေရာတွင် ရပ်တည်နေကြောင်း ကမ္ဘာလုံးဆိုင်ရာ စာရင်းအင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Statista ကို ကိုးကား၍ ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ အတွင်းဝန်ဖြစ်သူ Yang Saing Koma က ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

အဆိုပါဈေးကွက်များအနက် ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့်ဥရောပနိုင်ငံအချို့၌ ဝေစုရယူထားနိုင်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း အလားအလာရှိသော ဆန်ဈေးကွက်များအဖြစ် စတင် တင်ပို့လျက်ရှိကြောင်း၊ အနာဂတ်တွင် အီရတ်နိုင်ငံသည်လည်း ကမ္ဘောဒီးယား၏ ဈေးကွက်ဖြစ်လာနိုင်ကြောင်း၊ ၁ နှစ်လျှင် ဆန်တန်ချိန် ၃ သန်းမှ ၄ သန်းအကြား တင်သွင်းလျက်ရှိသော ဗီယက်နမ်သည်လည်း ကမ္ဘောဒီးယားထံမှ ဆန်အများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ နောက်၌ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့က ရပ်တည်နေကြောင်းနှင့် လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံက အဋ္ဌမအဆင့်၌ တည်ရှိနေကြောင်း၊ ၁ နှစ်လျှင် ဆန်တန်ချိန် ၁ သန်းတင်ပို့လျက် ပဥ္စမမြောက်ဆန်အများဆုံးတင်ပို့သူဖြစ်လာစေရန် ဝန်ကြီးဌာနအနေဖြင့် အရေးကြီးသောမူဝါဒများ၊ အထူးသဖြင့် အစိုးရက နိုဝင်ဘာလ ၂၀ ရက်နေ့တွင် စတင်ခဲ့သော ပဥ္စမနှင့်ဆဋ္ဌမ ဦးစားပေးမူဝါဒများကို တင်ပို့မှုပန်းတိုင်သို့ ရောက်ရှိနိုင်ရန်အလို့ငှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အတွင်းဝန် Saing Koma က ပြောဆိုသည်။

ကမ္ဘောဒီးယားအစိုးရအဖွဲ့သစ်သည် လယ်ယာစီးပွားရေးထုတ်လုပ်မှုကိုမြှင့်တင်ရန်၊ ဘဏ္ဍာငွေထောက်ပံ့မှု အစီအစဉ်များမှတစ်ဆင့် ဈေးနှုန်းများ ဟန်ချက်ညီအောင်ထိန်းသိမ်းရန်၊ ကျေးရွာများတွင် အစိုးရအရာရှိများကို တာဝန်ပေးအပ်လျက် ခေတ်မီစိုက်ပျိုးရေး အသိုက်အဝန်းများ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် ပဥ္စဂံမဟာဗျူဟာ အဆင့်-၁ ၌ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မျိုးဗီဇစစ်မှန်သည့် စပါးမျိုးစေ့များကိုအသုံးပြု၍ ဆန်မွှေးစိုက်ပျိုးရန် အစိုးရက တောင်သူလယ်သမားများအား ဆွဲဆောင်လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ စပါးမျိုးများအပေါ် ပြည်တွင်းဆန်စက်များမှ ဝယ်လိုအားမြင့်မားမှုရှိကြောင်း၊ အခြားသော ခြောက်သွေ့ရာသီစပါးမျိုးများနှင့် နှိုင်းယှဉ်ပါက ပြည်ပပို့ကုန်အတွက် ၎င်းဆန်မွှေးအမျိုးအစားကို စိုက်ပျိုးထုတ်လုပ်ခြင်းသည် ပိုမိုလိုလားဖွယ်ရှိပြီး ဈေးနှုန်းတည်ငြိမ်မှုလည်းရှိကြောင်း၊ လယ်ယာလုပ်ငန်းစီမံခန့်ခွဲမှုတွင် မှန်ကန်သောအခြေခံမှုများ၊ နည်းစနစ်များနှင့်အတူ စစ်မှန်သောမျိုးစေ့ကို အသုံးပြုခြင်းသည် အထွက်နှုန်းမြင့်မားစေရန် အထောက်အကူဖြစ်စေကြောင်း Saing Koma က ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ် (CRF) ၏ ဥက္ကဋ္ဌ Chan Sokheang က ၎င်းတို့အနေဖြင့် အစိုးရကချမှတ်ထားသော မူဝါဒများ၊ အထူးသဖြင့် ဆန်စပါးကဏ္ဍအတွက် အရေးကြီးသည့် စိုက်ပျိုးရေးမဟာဗျူဟာကို အကောင်အထည်ဖော်ရာ၌ စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားဆန်ကို ကမ္ဘာက သိရှိလာစေရေးအတွက် ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်ကို ရှာဖွေလျက်ရှိကြောင်း ပြောဆိုခဲ့သည်။

ယခုနှစ် နိုဝင်ဘာလအထိ စပါးစိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၆ သန်းကျော် စိုက်ပျိုးထားရှိမှုမှ စပါးတန်ချိန် ၆ ဒသမ ၂ သန်းထွက်ရှိခဲ့ပြီး ယခုနှစ်ကုန်ဆုံးချိန်တွင် စုစုပေါင်းအထွက်တန်ချိန် ၆ ဒသမ ၃ သန်းကျော်ရရှိရန် မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရသိရသည်။

Source: Phnom Penh Post, 4 Dec 2023

https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_13122023_1013

## သီတင်းပတ် ၄ ပတ်အတွင်း မလေးရှားစားအုန်းဆီ ဈေးနှုန်းကျဆင်း



မလေးရှားနိုင်ငံ၌ နိုဝင်ဘာလကုန်တွင် စားအုန်းဆီသိုလှောင်မှု လက်ကျန်ကျဆင်းမည်ဟု မျှော်လင့်ထားသော်လည်း ပြိုင်ဘက် ဟင်းသီးဟင်းရွက်ဆီများ၏ ဈေးနှုန်းလျော့နည်းခြင်းကြောင့် စားအုန်းဆီ၏ အနာဂတ်ကြိုပွဲငွေ့ဈေးနှုန်းသည် ရက်သတ္တပတ် ၄ ပတ်အတွင်း အနိမ့်ဆုံးသို့ ၆-၁၂-၂၀၂၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် စတုတ္ထအကြိမ်မြောက်အဖြစ် ကျဆင်းခဲ့ကြောင်း သိရပါသည်။

ဘာဆာမလေးရှား ဆင့်ပွားဈေးကွက် (Bursa Malaysia Derivatives Exchange) တွင် ဖေဖော်ဝါရီလအတွက် သဘော်တင်ပို့ဆောင်မည့် စားအုန်းဆီစာချုပ်တွင် စားအုန်းဆီတစ်တန်လျှင် မလေးရှားရင်းဂစ် ၆၂ (၁ ဒသမ ၆၄ ရာခိုင်နှုန်းခန့်) ကျဆင်းသွားကာ တစ်တန်လျှင် ၃၇၁၉ ရင်းဂစ်သို့ ကျဆင်းသွားခဲ့သည်။

တောင်အမေရိက ပဲပုပ်ဆီဈေးနှုန်း အဆက်မပြတ်ကျဆင်းမှုက စားအုန်းဆီဈေးနှုန်းကျဆင်းမှုကို ဆက်လက်ဖြစ်ပေါ်စေပြီး တစ်ဖက်တွင် အိန္ဒိယ၊ တရုတ်နှင့်အခြားအာရှနိုင်ငံများတွင် ရာသီဥတုအေးလာသောကြောင့် စားအုန်းဆီဝယ်ယူမှု ရှောင်ရှားသည့် ကာလအတွင်း ဝယ်လိုအားတိုးမြင့်လာစေရေး ဆွဲဆောင်နေရသည့်အချိန်ဖြစ်ကြောင်း မွမ်ဘိုင်းအခြေစိုက် Sunvin သုတေသနအဖွဲ့မှ သုတေသနအရာရှိ Mr. Anilkumar Bagani က ပြောကြားကြောင်း သိရပါသည်။

တရုတ်နိုင်ငံ၊ Dalian ပဲပုပ်ဆီစာချုပ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၎င်း၏စားအုန်းဆီစာချုပ်သည် ၃ ဒသမ ၂၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဖော်ပြသည့် ပဲပုပ်ဆီဈေးနှုန်းသည် ဝ ဒသမ ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြပါသည်။

၂၀၂၂-၂၃ ရာသီတွင် စားအုန်းဆီတင်သွင်းမှု ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည့်အတွက် ၂၀၂၃-၂၀၂၄ ရာသီတွင် ကမ္ဘာ့စားအုန်းဆီတင်သွင်းမှုအနေဖြင့် တန်ချိန် ၄၈ ဒသမ ၆ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ရာခိုင်နှုန်းအားဖြင့် ဝ ဒသမ ၄ ရာခိုင်နှုန်းသာ ကျဆင်းနိုင်ကြောင်း Refinitiv ကုန်စည်သုတေသနအဖွဲ့က ဖော်ပြပါသည်။

၂၀၂၂-၂၃ ရာသီတွင် ဥရောပသမဂ္ဂမှ စားအုန်းဆီတင်သွင်းမှုအနေဖြင့် တန်ချိန် ၁ ဒသမ ၆၄ သန်း သာရှိခဲ့ကြောင်းနှင့် ယခု ၂၀၂၃-၂၄ ရာသီတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလ ၃ ရက်နေ့အထိ တန်ချိန် ၁ ဒသမ ၄၈ သန်းရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**Source: Business Recorder, 6 Dec 2023**

**https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_13122023_1008

## ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်သွယ်မှုစာရင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂-၁၂-၂၀၂၃) မှ (၈-၁၂-၂၀၂၃)အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဆီး(ဇီး)ဖတ်နှင့် ဆီး(ဇီး)ယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅,၉၃၅ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် မန်ကျည်းစေ့တန်ချိန် ၆၅ တန် တင်ပို့ခဲ့ပါသည်။ မန်ကျည်းစေ့တင်ပို့နိုင်မှု ငွေပမာဏမှာ ၆၅၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်မှုကုန်ချောအနေဖြင့် ဆီး (ဇီး)ယိုထုပ်တန်ချိန် ၂၉ တန် တင်ပို့ခဲ့ပါသည်။ ဆီး (ဇီး)ယိုထုပ် တင်ပို့နိုင်မှုငွေပမာဏမှာ ၇,၂၅၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: **ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၇၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၄၀၀ ၊မြင်းခြံရှယ် ကျပ် ၄၂၀၀ မြင်းခြံလတ်ကြီး ကျပ် ၃၉၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၃၅၀၊ မြင်းခြံလတ်ချော ကျပ် ၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ မြင်းခြံရှယ် ကျပ် ၄၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၅၀ နှင့် မြင်းခြံလတ်ချော ကျပ် ၈၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၀ စီး (၄,၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကားစီးရေ ၉၅ စီး (၅,၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁၅ စီး ( ၉၀,၀၀၀ ပိဿာ ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀,၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂,၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့ပြီး အောင်ပန်းထူး-၂ ကျပ် ၁,၇၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁,၅၀၀၊အောင်ပန်းထူး-၄ ကျပ် ၁,၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁,၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁,၈၀၀ (၅၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂,၆၀၀ (၇၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၈၀၀ (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၈,၈၅,၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၁,၃၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၁,၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC(2023 Crop) ကျပ် ၃၂,၅၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၂,၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး(တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀)ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉,၀၀၀၊ မြားနီ ကျပ် ၉,၀၀၀၊ အိမ်မဲ ကျပ် ၇,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆,၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၂,၀၀၀ (၄၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၂,၆၀၀ (၅၂,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၃၀၀ (၄,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၆၀၀ (၁၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁,၂၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂,၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၇၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၃၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၆၅၀၊ ကြံသကာ(စစ်) ကျပ် ၄၃၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၇၉၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရေစကြိုထန်းလျက်(ချော)ကျပ် ၅၀၊ ကြံသကာ(စစ်) ကျပ် ၁၅၀ နှင့် သကြား(ပြည်တွင်း) ၁၀ ကျပ် ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်တွင်းဆန်ဈေးမြင့်ရောင်းချခြင်းမပြုဖို့ တိုက်တွန်းကြောင်း MRF ထုတ်ပြန်ကြေညာ




နိုင်ငံခြားငွေလဲနှုန်း မူဝါဒအပြောင်းအလဲကို အခွင့်ကောင်းယူပြီး ပြည်တွင်းဆန်ဈေးကွက်တွင် ဈေးမြင့်ရောင်းချမှုများမပြုလုပ်ဘဲ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချပေးရန်တိုက်တွန်းကြောင်း ဒီဇင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)က ထုတ်ပြန်ကြေညာလိုက်ပါတယ်။

လက်ရှိ မိုးစပါးပေါ်ချိန်တွင် ပြည်တွင်းဆန်ဖူလုံမှုသည် လုံလောက်သည်ထက် ပိုလျှံမှုများရှိနေသဖြင့် စားသုံးသူပြည်သူများအနေဖြင့် ပုံမှန်အတိုင်းလိုအပ်သလောက်သာ ဝယ်ယူရန် MRFက တိုက်တွန်းထားပါတယ်။ စပါးကို တောင်သူလယ်သမားထံမှ ရည်ညွှန်းဈေးနှုန်းနှင့် ဝယ်ယူသိုလှောင်ကြိတ်ခွဲထား



TIR

ခြင်းကြောင့် ဆန်စျေးနှုန်းကို သင့်တင့်မျှတမှုဖြစ်စေရန်နှင့် စားသုံးသူပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဆန်စက်လုပ်ငန်းရှင်၊ ဆန်စပါးကုန်သည်တွေအပါအဝင် ဆန်စပါးကုမ္ပဏီတွေအနေနဲ့ အထူးဦးစားပေး လိုက်နာဆောင်ရွက်ဖို့ လိုအပ်တယ်လို့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါတယ်။

လတ်တလောကြုံတွေ့နေရတဲ့ စက်မောင်းဆီဝယ်ယူရေးဆိုင်ရာ အခက်အခဲကလည်း ရက်ပိုင်းအတွင်း ပြေလည်နိုင်တဲ့ အခြေအနေဖြစ်ပြီး၊ နွေစပါးရာသီအတွက်လည်း စက်မောင်းဆီ (ဒီဇယ်ဆီ) နဲ့ ဓာတ်မြေဩဇာကို သက်သာတဲ့ဈေးနှုန်းနဲ့ လုံလောက်စွာရရှိရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်နေပါတယ်။

ဈေးနှုန်းမတည်မငြိမ်ဖြစ်စေရန်ရည်ရွယ်ပြီး ဈေးနိမ့်ဖြင့် ဝယ်ယူသိုလှောင်၍ ဈေးမြင့်ဖြင့် ပြန်ရောင်းချမှုများကို စုံစမ်းဖော်ထုတ်ထိန်းကျောင်းရန် ဆောင်ရွက်နေတယ်လို့ MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြည်တွင်းသတင်းမီဒီယာများကို ပြောထားပါတယ်။ ဈေးတင်ရောင်းတာရှိရင် ကျွန်တော်တို့ ဈေးကစားတဲ့သူတွေကိုဖော်ထုတ်ပြီးတော့ တားမြစ်တာ၊ စည်းရုံးတာ၊ ပညာပေးတာမရဘူးဆိုရင်တော့ ဥပဒေနဲ့အညီအရေးယူဖို့ စီစဉ်တာတွေလုပ်ရမဲ့ အနေအထားဖြစ်ပါတယ်"လို့ MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပါတယ်။

နိုဝင်ဘာလအတွက် MRF က ထုတ်ပြန်ထားတဲ့ ဆန်ရည်ညွှန်းဈေးနှုန်းတွေကတော့ ၁၀၈ ပေါင်ရှိတဲ့ ၂၄ ပြည် ဆန်တစ်အိတ်ကို ဧည့်မထအုပ်စုဖြစ်တဲ့ ၂၅ မှတ်ဆန်အတွက် ၅၈,၀၀၀ ကျပ်မှ ၆၀,၀၀၀ သတ်မှတ်ထားပြီး၊ ၁၅ မှတ်ဆန် အတွက် ၆၀,၀၀၀ ကျပ်မှ ၆၂,၀၀၀ ကျပ်အတွင်း၊ ၁၀-၅ မှတ်ဆန်အတွက် ငွေကျပ် ၆၂,၀၀၀ ကျပ်မှ ၆၄,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။

ရောမင်းဆန်၊ ရောပဒေသာနှင့် အထူးဧည့်မထအုပ်စုများဖြစ်တဲ့ ၂၅ မှတ်ဆန်တစ်အိတ်ကို ၆၅,၀၀၀ ကျပ်မှ ၇၀,၀၀၀ အတွင်း၊ ၁၅ မှတ်ဆန်တစ်အိတ်ကို ၇၀,၀၀၀ ကျပ်မှ ၇၅,၀၀၀ အတွင်း၊ ၁၀-၅ မှတ်ဆန်တစ်အိတ်ကို ငွေကျပ် ၇၅,၀၀၀ မှ ၈၀,၀၀၀ အတွင်း သတ်မှတ်ထားပါတယ်။

**Source: (AMIA)**

https://t.me/htwettoe

## STOCK EXCHANGE (13.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,300 (Shares) | 13,306,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,700 | 8,700 | 8,700 | 101 | 878,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 2,275 | 6,597,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 107 | 792,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,550 | 1,600 | 1,550 | 2,435 | 3,895,900 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 1 | 2,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 0 | 0 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 164 | 770,800 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 217 | 368,900 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Dec. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.20 | +2.53 | +0.70% | 363.42 | 364.20 | 362.87 | 5,300 | 13,306,700 | 8 | 686,957 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 14th Dec. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,789 (Shares) | 12,910,900 (MMK) |

| MYANPIX | 359.78 ▼ 4.42 |
|---|---|
| Total Volume (shares) | 3,789 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,610 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,400 | ▼ 100 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 1,700 | ▲ 0 |